ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၂၁)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်–

| စဉ် | ရာထူး၊လစာနှုန်း | ရာထူးနေရာ | အနိမ့်ဆုံးပညာ အရည်အချင်း |
|---|---|---|---|
| (က) | ဒုလ/ထကြီးကြပ်ရေးမှူး (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | ( ၂ ) နေရာ | တက္ကသိုလ်တစ်ခုခုမှ ရရှိသည့်ဘွဲ့ |
| ( ခ ) | သဘော်သား(၄) (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | ( ၁ ) နေရာ | အခြေခံပညာ အထက်တန်းအဆင့် |
| ( ဂ ) | ကျွမ်းကျင်(၅)(လက်မှု-မုတ်ခြင်းယက်) (၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) | (၁၀)နေရာ | အခြေခံပညာ အထက်တန်းအောင် |
| (ဃ) | လုပ်သား (၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) | ( ၈ ) နေရာ | အခြေခံပညာ မူလတန်းအဆင့်ရှိသူ |

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) ၂၀၂၆ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိဌာန၏ ခွင့်ပြုချက်မူရင်းပါရှိရမည်။ (သို့မဟုတ်) သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် လျှောက်ထားရမည်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃)နှစ်တစ်ဆက်တည်းတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

( င ) ရွေးချယ်ခန့်အပ်ခြင်းခံရပါက တာဝန်ကျရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

( စ ) အစိုးရဌာန တစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များ ပြည့်စုံစွာ ဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်–

(က) အမည် ၊

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

(ဂ) မွေးသက္ကရာဇ် နှင့် အသက် ၊
(ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ ၊
(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့်အောင်မြင်ခဲ့သည့်ကျောင်း၊
(စ) လျှောက်ထားလိုသည့်ရာထူး ၊
(ဆ) မိဘ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့် ဌာန ၊
(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ် ၊
(ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ဖော်ပြရမည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) ပညာအရည်အချင်း ထောက်ခံချက်လက်မှတ်မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်) ၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း ရယူထားသည့် စာရိတ္တကောင်းမွန်ကြောင်းနှင့်သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း ၊
(ဃ) သက်ဆိုင်ရာ ရဲစခန်းမှ (၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း ၊
(င) အလုပ်သမားမှတ်ပုံတင်ကတ် (မူရင်း) ၊
(စ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့ အရွယ် ကာလာဓာတ်ပုံ (၃)ပုံ (ဓာတ်ပုံ နောက်ကျောတွင် အမည် နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ရေးသားရန်) ၊
(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံ ရှိပါက ခိုင်လုံသော အထောက်အထားမိတ္တူများ ၊
(ဇ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ(၁)လအတွင်းရယူထားသော ကျန်းမာကြောင်းဆေးထောက်ခံချက်(မူရင်း)
(ဈ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်းအပိုင်းအနီး၊ နေပြည်တော် နှင့် တနင်္သာရီတိုင်းဒေသကြီးရုံး၊ အမှတ်(၁၀)ကမ်းနားလမ်း၊ မြိတ်မြို့ မြိတ်ရုံး နှင့် ပုလဲကျွန်း တာဝန်ခံအရာရှိထံသို့ လိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့ဖြင့် (၂၁-၉-၂၀၂၆)ရက်နေ့ ရုံးချိန်အတွင်းနောက်ဆုံးထားပေးပို့လျှောက်ထားရပါမည်။

၆။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် ကြော်ငြာသင်ပုန်း၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ မြိတ်ရုံးခွဲ ကြော်ငြာသင်ပုန်းနှင့် ပုလဲကျွန်း ကြော်ငြာသင်ပုန်း တို့တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။
၇။ လျှောက်ထားသူများသည် ရေးဖြေစစ်ဆေးခြင်းကို(၂၈-၉-၂၀၂၆)ရက်နေ့တွင်စစ်ဆေးခံရမည်ဖြစ်ပြီးအောင်မြင်သူများကိုသာ (၃၀-၉-၂၀၂၆)ရက်နေ့တွင် လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်သည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို (၂၅-၉-၂၀၂၆)ရက်နေ့၌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ စီမံရေးရာဌာနခွဲ၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ မြိတ်ရုံးခွဲ နှင့် ပုလဲကျွန်း တို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ထုတ်ယူရမည်ဖြစ်ပါသည်။

၉။ သတ်မှတ်ရက်ထက် နောက်ကျ၍ ရောက်လာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ အထောက်အထားမပြည့်စုံသောလျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသောလျှောက်လွှာများအားပယ်ဖျက်ပါမည်။

၁၀။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၉-၄၂၉၂၀၅၂၉၆ ၊ ၀၉-၄၅၁၉၁၂၇၇၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**